## ၁၀။ အုန်း ရွက်လိပ်/ကပ်လိပ်ပြာ

**Coconut skipper:** ***Gangara thyrsis*** **(Fabricius, 1775)**

**Lepidoptera: Hesperiidae**

 

လောက်ကောင်သည်စိမ်းဖျော့ရောင်ရှိပြီးအနီရောင်အမှတ်များရှိသည်။ခန္ဓာကိုယ်အားဖယောင်းများဖြင့်အုပ်ထားသည်။အကောင်ကြီးသည်အညိုရောင်ဖြစ်ပြီးချောကလက်ညိုရောင်အတောင်ပံများတွင်အဝါရောင်အပြောက်များပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ထိပ်ပိုင်းရှိအရွက်များလိပ်လာသည်ကိုတွေ့ရမည်။

**ဘဝစက်ဝန်း**

ဥ မှ ကောင်ကြီးအဆင့်          -(၃၀-၃၅)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) လောက်ကောင်နှင့်ရုပ်ဖုံးများအားစု၍ဖယ်ရှားပြီးထိသေစားသေ အာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုးကိုဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြု ပါက အညွှန်း စာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း(Carbaryl)
- ဒိုင်ကလိုဗော့စ် (Diclorvos)
- အင်ဒိုဇာကပ် (Indoxacarb)